**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ် ( ၁၆၄ / ၂၀၂၁ )**

နေပြည်တော် ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မြို့နယ်လူမှုဖူလုံရေးရုံးခွဲများဖြစ်သည့် လှိုင်သာယာရုံးခွဲ၊ ရွှေလင်ပန်း စက်မှုဇုန်ရုံးခွဲနှင့်နှင့် ရွှေပြည်သာရုံးခွဲတို့တွင် အကျုံးဝင်မှတ်ပုံတင်ထားသော စက်ရုံ (၁၈) ရုံသည် ၁၄-၃-၂၀၂၁ ရက်နေ့ (၁၃:၃၀) နာရီတွင်လည်းကောင်း၊ ၁၅-၃-၂၀၂၁ ရက်နေ့ (၁၄:၀၀) နာရီတွင် လည်းကောင်း၊ ၁၉-၃-၂၀၂၁ ရက်နေ့ (၁၅:၀၀) နာရီတွင်လည်းကောင်း၊ ရှို့မီးကြောင့် မီးလောင်မှု ဖြစ်ပွားခဲ့ပြီး မီးလောင်မှုကြောင့် အဆောက်အဦများပျက်စီးခြင်း၊ စက်ရုံရှိပစ္စည်းများ မီးလောင် ကျွမ်းခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။

၂။ အဆိုပါစက်ရုံများတွင် လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံ အလုပ်သမား ကျား (၂,၂၂၉) ဦး၊ မ (၁၃,၄၂၈) ဦး၊ စုစုပေါင်း (၁၅,၆၅၇) ဦးအား ၂၀၁၂ ခုနှစ်၊ လူမှု ဖူလုံရေးဥပဒေပုဒ်မ ၃၁ (ခ)(၂) နှင့် နည်းဥပဒေ ၁၃၆ (ခ) တို့နှင့်အညီ ဥပဒေ ပုဒ်မ ၁၀၀ ပါ လုပ်ပိုင်ခွင့် များကိုကျင့်သုံး၍ မီးလောင်မှုဖြစ်ပွားပြီး သဘာဝဘေးအန္တရာယ်ကြုံတွေ့ရခြင်းကြောင့် အလုပ် လက်မဲ့ ဖြစ်သွားသော အာမခံအလုပ်သမားများအတွက် နောက်ဆုံးပေးသွင်းခဲ့သော ထည့်ဝင်ကြေး လုပ်ခလစာ၏ ၄၀% ကို လူမှုဖူလုံရေးရန်ပုံငွေမှ ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် အဖြစ် ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။

၃။ အပိုဒ် ၂ ပါ ဖော်ပြချက်များနှင့် ကိုက်ညီမှုရှိသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်ကိုယ်စား တာဝန်ရှိသူများသည် လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင် မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအတွက် လူမှုဖူလုံရေးထောက်ပံ့ငွေများကို ရရှိနိုင် ရေး သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးများသို့ ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ လျှောက်ထားရမည်ဖြစ်သည်။

၄။ အထက်ပါ ထုတ်ပြန်ချက်များသည် ဤအမိန့်ကြော်ငြာစာပါ ထုတ်ပြန်သည့်နေ့မှ စတင် အာဏာတည်သည်ဟု သတ်မှတ်လိုက်သည်။

ဦးမြင့်ကြိုင်

ပြည်ထောင်စုဝန်ကြီး